မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
April 7 , 2026 Volume 101 , Number 5

၇. ၄. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၇.၁၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၄၅၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၃.၁၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၄.၃၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၇၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၀.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၀ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ယခုယဏ္ဍာနှစ်တွင် ပျားရည်တန်ချိန် တစ်ထောင်နီးပါးပြည်ပသို့ တင်ပို့နိုင်ခဲ့



မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပျားရည်ကို ပြည်ပသို့တင်ပို့မှုအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ ဧပြီလမှ ဖေဖော်ဝါရီလကုန်အထိ ၁၁ လတာ ကာလအတွင်း ပျားရည် တန်ချိန် ၉၈၆ ဒသမ ၂၃ ကျော်ခန့် တင်ပို့နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူရေးဖွံ့ဖြိုးရေးဌာနခွဲစာရင်းအရ သိရသည်။

အဆိုပါ ပျားရည်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၉ သန်း ရရှိခဲ့ပြီးယခုနှစ်တွင်ပျားရည်တင်ပို့မှုပမာဏမှာ ယခင်နှစ်များထက် လျော့ကျနိုင်ကြောင်း သိရသည်။

နှစ်စဉ် ပြည်ပသို့ ပျားရည်တင်ပို့မှုမှာ တန်ချိန် ၂၆၀၀ ဝန်းကျင်အထိ ရှိခဲ့သော်လည်း ယခုနှစ်တွင်မူ ဘဏ္ဍာနှစ် ကုန်ဆုံးရန်ရက်ပိုင်းသာ ကျန်တော့သည့်အတွက် တန်ချိန် ၁၀၀၀ကျော်ခန့်သာတင်ပို့နိုင်မည့်အခြေအနေရှိနေသည်။

"ပုံမှန် ဆိုရင် တန်ချိန် ၂၀၀၀ ကျော် ပို့နိုင်တာပါ။ ဒီနှစ်ကတော့ ၁၁ လ ရှိပြီဖြစ်ပေမဲ့ တန်ချိန် ၁,၀၀၀ တောင် မပြည့်သေးတဲ့အခြေအနေပါ" ဟု ပျားမွေးမြူရေးလုပ်ငန်းရှင် တစ်ဦးကပြောသည်။

ပြည်ပသို့တင်ပို့သည့် ပျားရည်အမျိုးအစားများမှာ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်း ပျားရည်၊ နေကြာပျားရည်၊ရော်ဘာပျားရည်နှင့်ပန်းပေါင်းစုံပျားရည်တို့ဖြစ်သည်။

အဓိကအားဖြင့် ဂျပန်နိုင်ငံသို့ အများဆုံး တင်ပို့ရပြီး ထိုင်း၊ တရုတ်၊ ဂျာမနီနှင့် တောင် ကိုရီးယားနိုင်ငံများသို့လည်းတင်ပို့မှုရှိကြောင်းသိရသည်။

ပျားရည်သည် ပြည်တွင်းဈေးကွက်တွင်လည်း သုံးစွဲမှုအထိုက်အလျောက်ရှိနေပြီး ဈေး နှုန်းအနေဖြင့် တစ်လီတာဝင် တစ်ပုလင်းလျှင် ၁၅,၀၀၀ ကျပ်မှ ၂၀,၀၀၀ ကျပ်အထက်

ရှိနေသည်။

"ပျားရည်အစစ်ရဖို့ ရှားသလို ဈေးလည်း မတူကြဘူး၊ ပျားရည်က အဓိကဆေးဖက်ဝင်သလို ဟင်းချက်ရာမှာလည်း သုံးကြတာရှိတယ်"ဟုပျားရည်ရောင်းချသူတစ်ဦးကဆိုသည်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းများမှ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုင်ချီးပျားရည်နှင့် ပန်းပေါင်းစုံ ပျားရည်တို့ကို ထုတ်လုပ်ပြီးနှစ်စဉ် တန်ချိန် ၄၀၀၀ မှ ၅၀၀၀ ဝန်းကျင် အထိထွက်ရှိသည်။

လက်ရှိတွင် ပြည်တွင်း၌ ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ရွှေ့ပြောင်းသွားလာမှု အခက်အခဲရှိခြင်းနှင့် မွေးမြူရေးစရိတ်ကြီးမြင့်လာခြင်းတို့ကြောင့် တိုးချဲ့မွေးမြူမှု နည်းပါးလာကြောင်း သိရသည်။

ပျားမွေးမြူရေးလုပ်ငန်းကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အဓိကလုပ်ကိုင်ကြပြီး လုပ်ငန်းလိုင်စင်ကို တစ်နှစ်လျှင် တစ်ကြိမ်လျှောက်ထားရခြင်းဖြစ်သည်။

Source : https://www.npnewsmm.com/

## ရန်ကုန်အိမ်ခြံမြေဈေးကွက်တွင် အိမ်အငှားဝန်ဆောင်မှုနှင့် တိုက်ခန်းများ အရောင်းအဝယ်ဖြစ်




ရန်ကုန်အိမ်ခြံမြေဈေးကွက်တွင် အိမ်အငှားဝန်ဆောင်မှုနှင့် တိုက်ခန်းများအရောင်းအဝယ်ဖြစ်နေကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရန်ကုန်တိုင်းဒေသကြီး (ရုံးခွဲ)မှ သိရပါတယ်။

ရန်ကုန်တွင်အိမ်ခြံမြေ အရောင်းအဝယ်များမှာ ဈေးကွက်အနေအထားအရ ဈေးနှုန်းအမြင့်ပိုင်း အရောင်းအဝယ်များ ငြိမ်နေသော်လည်း အငှားများနှင့် တိုက်ခန်းအရောင်းအဝယ်များ ရှိနေတာ ဖြစ်ကြောင်း သိရပါတယ်။

“ရန်ကုန်တိုင်းဒေသကြီးရဲ့ အိမ်ခြံမြေဈေးကွက်အနေနဲ့ကတော့လက်ရှိအခြေအနေမှာငြိမ်သက်နေပါတယ်၊ အရောင်းအဝယ်တွေက ၃ လပိုင်း၊၄ လပိုင်းဆိုနည်းနည်းရပ်တန့်တတ်တယ်၊ သို့ပေမဲ့လောလောဆယ်တော့ အငှားတွေ၊တိုက်ခန်းအရောင်းအဝယ်တွေတော့ရှိပါတယ်” လို့ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

အဆိုပါအသင်းအနေဖြင့်လည်း အိမ်ခြံမြေဈေးကွက်အား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသလို အကျိုးဆောင်များရောင်းမှားဝယ်မှားမဖြစ်စေရန် AML/CFT ဥပဒေဆိုင်ရာများနှင့် အိမ်ခြံမြေအသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးကာ အကျိုးဆောင်အသိအမှတ်ပြုမှတ်ပုံတင်ရရှိရန်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။

အသင်းအနေဖြင့် အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရုံးခွဲများဖွင့်လှစ်ထားပြီး အကျိုးဆောင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသင်းဝင်ပေါင်း ၁၇,၀၀၀ ခန့်ရှိကြောင်း၊ ၎င်းတို့အနက် AML/CFT ဥပဒေဆိုင်ရာများနှင့် အိမ်ခြံမြေအသိပညာပေးသင်တန်းတက်ရောက်ပြီးသူ ၁၅,၀၀၀ ခန့်ရှိကြောင်းလည်း သိရပါတယ်။

**Source : Myanmar Future News Agency**

## အဖျောက်မှ ဓာတ်ငွေ့များကို သယ်ယူပို့ဆောင်ရေး၌အသုံးပြုနေ



ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့ရှိ အဖျောက် သဘာဝဓာတ်ငွေ့မြေက ထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့တွေကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွေမှာ အသုံးပြုနေတယ်လို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက သိရပါတယ်။

အဖျောက်သဘာဝဓာတ်ငွေ့မြေကို ၁၉၉၁ခုနှစ်ကစတင်တွေ့ရှိခဲ့တာဖြစ်ပြီး ၂၀၁၉ ခုနှစ်မှာ ရပ်ဆိုင်းလုနီးပါး ဖြစ်ခဲ့ရာကနေ လက်ရှိမှာ တွင်းဟောင်းတွေက ပါးလွှာသဲကြောတွေကို လေ့လာတွက်ချက်သုတေသနပြု ဆောင်ရွက်ခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီလို သုတေသနပြုဆောင်ရွက်ပြီး စမ်းသပ်ထုတ်လုပ်ခဲ့ရာ သဘာဝဓာတ်ငွေ့တွေ ပိုမိုထွက်ရှိလာခဲ့ပြီး တွင်းသစ်တစ်တွင်းနဲ့ တွင်းဟောင်း ၄ တွင်းက သဘာဝဓာတ်ငွေ့တွေ ပုံမှန်ထွက်ရှိနေပြီဖြစ်တယ်လို့ သိရပါတယ်။

ထွက်ရှိလာတဲ့ သဘာဝဓာတ်ငွေ့တွေကို ရန်ကုန်တိုင်းဒေသကြီးရှိ သယ်ယူပို့ဆောင်ရေးနဲ့ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွေမှာ အသုံးပြုနေတဲ့ Taxi တွေ၊ Bus ကားတွေနဲ့ ကုန်တင်ယာဉ်တွေမှာ အသုံးပြုနေတယ်လို့ဆိုပါတယ်။

အခု ထပ်မံထွက်ရှိတဲ့ တွင်းအမှတ် ၅၇ က သဘာဝဓာတ်ငွေ့တွေဟာ တစ်ရက်ကို ဓာတ်ငွေ့ကုဗပေ ၁ဒသမ၅ သန်း လောက်ရှိတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## သင်္ကြန်ပိတ်ရက် တင်သွင်း၊တင်ပို့ လုပ်ငန်းများ ဆောင်ရွက်ပေးမည်




သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီး တင်သွင်းလာတဲ့ ပစ္စည်းတွေထုတ်ယူနိုင်ဖို့အတွက် ကြိုတင်လျှောက်ထားပါက တင်သွင်း၊ တင်ပို့တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့ အကောက်ခွန်ဦးစီးဌာနက ဧပြီလ ၄ ရက်မှာ ထုတ်ပြန်ပါတယ်။

အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွေနဲ့ အပြည်ပြည်ဆိုင်ရာလေကြောင်းတွေကတစ်ဆင့် တင်သွင်း၊ တင်ပို့မဲ့ ကုန်ပစ္စည်းတွေကို သင်္ကြန်ရုံးပိတ်ရက်ဖြစ်တဲ့ ဧပြီလ ၁၁ ရက်၊ ၁၃ ရက်၊ ၁၄ ရက် နဲ့ ၁၅ ရက် တို့မှာ ရုံးချိန်ပြည့် ဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ထို့ပြင်အချိန်ပိုဆောင်ရွက်လိုတဲ့ကုမ္ပဏီတွေအနေနဲ့တင်သွင်း၊တင်ပို့လိုတဲ့ကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး အကောက်ခွန်ဦးစီးဌာနမှာ ကျသင့်ခွန်နဲ့ ပတ်သက်တဲ့ Deposit ငွေလုံလောက်စွာထားရှိသွားဖို့နဲ့ အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုတွေကို ဧပြီလ ၁၀ ရက်၊ နေ့လယ် ၂ နာရီထက် နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနကို လျှောက်ထားရမှာဖြစ်တယ်လို့ ထုတ်ပြန်ချက်အရ သိရပါတယ်။

Asia World ဆိပ်ကမ်းမှာ အကောက်ခွန်လုပ်ငန်းတွေ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်းတစ်ရက်နေ့မှ အပကျန်ရုံးပိတ်ရက်တွေမှာ ပို့ကုန်ကုန်သေတ္တာတွေစစ်ဆေးတင်ပို့မှုကို အချိန်ပိုဆောင်ရွက်ပေးဖို့လျှောက်ထားလာရင်လည်း အဆိုင်း ၃ ဆိုင်းနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

လက်ရှိ လုပ်ငန်းဆောင်ရွက်နေတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေနဲ့ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတွေမှာသကြ်န်ကာလအတွင်း ပိတ်ရက်မရှိလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့လည်း ထုတ်ပြန်ချက်မှာ ဖော်ပြပါရှိပါတယ်။

**Soure :** https://onenewstvchannel.com/

## မြေပဲဆန်များ အရောင်းအဝယ်သွက်လာ

ဧပြီလ ပထမပတ်တွင် မန္တလေးကုန်စည်ဒိုင်၌ မြေပဲဆန်များ ပြည်တွင်းပြည်ပမှ အဝယ်ရှိနေသော်လည်း အဝင်နည်းနေခြင်းကြောင့် စျေးမြင့်တက်လာကာ အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မြေပဲဆန်စျေးနှုန်းများမှာ–S1လုံးဆန်(မြင်းမူ)တစ်ပိဿာလျှင် ယခုတစ်ပတ်ကျပ် ၁၂,၅၀၀ မှ ၁၃,၂၀၀၊ ယခင်တစ်ပတ် ကျပ် ၁၂,၀၀၀ မှ ၁၂,၅၀၀၊ ယခင်လ ကျပ် ၉၈၀၀ မှ ၁၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ မှ ၇၀၀၊ ယခင်လထက် ကျပ် ၂၇၀၀ မှ ၃၂၀၀ ခန့် စျေးမြင့်တက်လာသည်။

S1ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၁၁,၄၀၀ မှ ၁၁,၈၀၀၊ ယခင်တစ်ပတ် ကျပ် ၁၀,၅၀၀ မှ ၁၁,၅၀၀၊ ယခင်လ ကျပ် ၈၈၀၀ မှ ၉၁၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၉၀၀ ၊ ယခင်လထက် ကျပ် ၂၆၀၀ မှ ၂၇၀၀ ခန့် စျေးမြင့်တက်လာသည်။

အနီလုံးဆန်တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၁၁,၃၀၀ မှ ၁၁၈၀၀၊ ယခင်တစ်ပတ် ကျပ် ၁၁,၂၀၀ မှ ၁၁,၄၀၀၊ ယခင်လ ကျပ် ၈၈၀၀ မှ ၉၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၀၀ မှ ၄၀၀ ကျပ်၊ ယခင်လထက် ကျပ် ၂၅၀၀ မှ ၂၈၀၀ ခန့် စျေးမြင့်တက်လာသည်။

အနီဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၁၀,၈၀၀ မှ ၁၁,၄၀၀၊ ယခင်တစ်ပတ် ကျပ် ၁၁,၀၀၀ မှ ၁၁,၂၀၀၊ ယခင်လ ကျပ် ၈၄၀၀ မှ ၈၇၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ စျေးအတက်အကျရှိနေပြီး၊ ယခင်လထက် ကျပ် ၂၄၀၀ မှ ၂၇၀၀ ခန့် စျေးမြင့်တက်လာသည်။

ပြန့်ဆီဆန်တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၁၁,၈၀၀ မှ ၁၂,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၁၁,၅၀၀ မှ ၁၁,၈၀၀၊ ယ ခင်လ ကျပ် ၉၅၀၀ မှ ၉၆၀၀ ဖြစ်သည်။ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၃၀၀၊ ယခင်လထက်ကျပ် ၂၃၀၀ မှ ၂၄၀၀ ခန့် စျေးမြင့်တက်လာသည်။

ပြန့်လုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၁၂,၅၀၀ မှ ၁၂,၇၀၀ ၊ ယခင်တစ်ပတ် ၁၂,၀၀၀ ကျပ် ၊ ယခင်လ ကျပ် ၉၈၀၀ မှ ၉၉၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ မှ ၇၀၀ ၊ ယခင်လထက် ကျပ် ၂၇၀၀ မှ ၂၈၀၀ ခန့် စျေးမြင့်တက်လာသည်။

Source : https://myantrade.gov.mm/

## အရှေ့အလယ်ပိုင်း တင်းမာမှုကြောင့် ဗီယက်နမ်ဆန်တင်ပို့မှု ကြန့်ကြာပြီး ကုန်ကျစရိတ်များ မြင့်တက်လာ

အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများကြောင့် သင်္ဘောတင်ပို့မှုကြန့်ကြာလာပြီး ရေလမ်းသယ်ယူပို့ဆောင်မှုစရိတ်များ မြင့်တက်လာခြင်းက ဗီယက်နမ် ဆန်တင်ပို့မှုကို အနှောင့်အယှက် ဖြစ်စေလျက်ရှိသည်။

ကုန်သည်များအနေဖြင့် ကုန်ပစ္စည်းပေးပို့မှုများကိုရွှေ့ဆိုင်းနေရပြီး စာချုပ်သစ်များချုပ်ဆိုရာတွင်လည်း ပိုမိုသတိထားဆောင်ရွက်နေရကြောင်း တာဝန်ရှိသူများက မတ်လ ၂၄ ရက် (အင်္ဂါနေ့) တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံများအနက် တစ်ခုဖြစ်သော ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် ဆန်ထုတ်လုပ်မှု

အားကောင်းရန် မျှော်လင့်ထားပြီး ယခုနှစ်အတွင်း ဆန်တင်ပို့မှုမှာ တန်ချိန် ၇ ဒသမ ၇၃သန်းခန့်အထိ ရှိလာမည်ဟု ခန့်မှန်းထား သော်လည်း ယခုကဲ့သို့ သယ်ယူပို့ဆောင်ရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ Can Tho မြို့တွင်ကျင်းပပြုလုပ်သောအစိုးရ၏ဆန်တင်ပို့မှုဆိုင်ရာညီလာခံတွင် တင်ပြခဲ့သည့် အကောက်ခွန်ဆိုင်ရာ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံသည် မတ်လ ၁၅ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၈၂၆ ဒသမ၂ သန်း တန်ဖိုးရှိသော ဆန်တန်ချိန် ၁ ဒသမ၇၄ သန်းခန့်ကို တင်ပို့ခဲ့ပြီး ဖြစ်သည်။

ဆန်တင်ပို့မှု ပမာဏမှာ ယခင်နှစ်ကာလတူထက် ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာ သော်လည်း ကမ္ဘာ့ဈေးကွက်အတွင်း ဆန်ဈေးနှုန်းများ ကျဆင်းသွားခြင်းကြောင့် ပို့ကုန်ဝင်ငွေမှာ ၈ ဒသမ၇ ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့သည်။ အဓိက ဆန်တင်ပို့ သည့် နိုင်ငံကြီးများဖြစ်သော အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့မှ ဆန်တင်သွင်းမှု များပြားလာခြင်းကြောင့် ပျမ်းမျှ ပို့ကုန်ဈေးနှုန်းမှာ ၁၀ ဒသမ၇ ရာခိုင်နှုန်း အထိ လျော့ကျသွားပြီး တစ်တန်လျှင် ၄၇၇ ဒသမ ၆ ဒေါ်လာခန့်သာရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် အရှေ့အလယ်ပိုင်းဒေသရှိပဋိပက္ခများကြောင့်သင်္ဘောလမ်းကြောင်းများနှင့် သယ်ယူပို့ဆောင်ရေးစရိတ် များမြင့်တက်လာသဖြင့် ပို့ကုန်လုပ်ငန်းရှင်များသည်တိုးမြင့်လာသောထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင် နေရခြင်း ဖြစ်သည်။

၂၀၂၆ ခုနှစ်အတွင်း ဆန်တင်ပို့မှုများသည် အရှေ့အလယ်ပိုင်းဒေသရှိပဋိပက္ခများ၏ရိုက်ခတ်မှုကိုခံရဖွယ်ရှိသည်ဟု စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊သွင်းကုန်ထုတ်ကုန်ဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ် Nguyen Anh Son က ပြောကြား ခဲ့သည်။

ရေကြောင်းအာမခံကြေးများ မြင့်တက်လာပြီး ကုန်ပစ္စည်းပေးပို့ရသည့် ကြာမြင့်ချိန်မှာ ၁၀ ရက်မှ ၁၅ ရက်အထိ ပိုမိုကြာ မြင့်လာသည်။

ထို့ပြင် ဆန်တင်ပို့မှုအတွက်ပြည်တွင်း သယ်ယူ ပို့ဆောင်မှုစရိတ်မှာလည်းတစ်တန်လျှင် ဗီယက်နမ်ဒေါင် ၂၀,၀၀၀ မှ ၃၀,၀၀၀ (အမေရိကန်ဒေါ်လာ သုည ဒသမ ၈ မှ ၁ ဒသမ ၂) ခန့်အထိ မြင့်တက်လာကြောင်း Nguyen Anh Son က ထပ်လောင်း ပြောကြားခဲ့သည်။

ပို့ကုန်လုပ်ငန်းရှင်များသည် ကွန်တိန်နာအလွတ်များရှားပါးမှုနှင့် သင်္ဘောလိုင်းအချို့၏ အရှေ့အလယ်ပိုင်းသို့ သွားမည့် ဝန်ဆောင်မှုခရီးစဉ်များကို လျှော့ချခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းလဲခြင်းများကြောင့်သင်္ဘောအချိန်ဇယားများမကြာခဏ ပြောင်းလဲနေရသည့် အခြေအနေများကိုလည်း ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် ကုန်ပစ္စည်းတင်ရန် နေရာရရှိမှု ခက်ခဲလာပြီး သတ်မှတ်ထားသော ကုန်ပစ္စည်းပေးပို့ရမည့် ရက်ချိန်းများကို ပြည့်မီရန် ပိုမိုခက်ခဲလာစေသည်။

ကုန်သည်အများအပြားသည် စာချုပ်များကို ပြန်လည်ညှိနှိုင်းခြင်း သို့မဟုတ် ကုန်ပစ္စည်းပေးပို့မှုများကို ရွှေ့ဆိုင်းခြင်းများ ပြုလုပ်နေရပြီး ကုမ္ပဏီအချို့မှာမူ ကမ္ဘာ့ဈေးကွက်အတွင်း မရေရာမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် အော်ဒါအသစ်များ ကို ဆိုင်းငံ့ထားကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်ဆန်၏ အကြီးမားဆုံးဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေပြီး ၂၀၂၆ ခုနှစ်၏ ပထမလများ အတွင်း ဗီယက်နမ်ဆန်တင်ပို့မှု စုစုပေါင်း၏ ၅၆ ရာခိုင်နှုန်းနီးပါး (တန်ချိန် ၇၁၁,၀၀၀ ခန့်) ကို ဝယ်ယူခဲ့သည်။ ၎င်းမှာ ဖိလစ်ပိုင် နိုင်ငံမှ ဆန်တင်သွင်းမှုများကို ပြန်လည် စတင်ခဲ့ပြီးနောက် ယခင်နှစ်အလားတူကာလထက် ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်လာ ခြင်း ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် ဒုတိယနေရာတွင် ရပ်တည်နေပြီး တန်ချိန် ၁၇၈,၀၀၀ ခန့် တင်သွင်းခဲ့သည်။ ၎င်းမှာ Tet ဟု ခေါ်သော Lunar နှစ်ကူးပွဲတော်မတိုင်မီ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ယခင်နှစ် ကာလတူထက် နှစ်ဆကျော် ပိုမို များ ပြားလာခြင်းဖြစ်သည်။

မလေးရှားနှင့်ဩစတြေးလျကဲ့သို့သော အခြားဈေးကွက်များတွင်လည်း သိသာထင်ရှားသော တိုးတက်မှုများ ရှိခဲ့သော်လည်း အာဖရိကနိုင်ငံအချို့သို့ ဆန်တင်ပို့မှုမှာ ယခင်နှစ်က ဝယ်လိုအားထက် အဆမတန် မြင့်တက်ခဲ့ပြီး ယခုနှစ်တွင်ပြန်လည် ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source: VietnamnetGlobal,** 25 **March2026**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

## မလေးရှားနိုင်ငံ၏ စားအုန်းဆီပို့ကုန်အခွန် ဧပြီလအတွက် တိုးမြှင့်သတ်မှတ်

မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) သည် စားအုန်းဆီအကြမ်း (CPO) အပေါ် ကောက်ခံမည့် ပို့ကုန်ခွန်နှုန်းထားကို မတ်လတွင် သတ်မှတ်ခဲ့သော ၉ ရာခိုင်နှုန်း မှ ၉ ဒသမ ၅ ရာခိုင်နှုန်းသို့ ဧပြီလတွင် တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန် ကြေညာချက်တွင် မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) က ၂၀၂၆ ခုနှစ်၊ ဧပြီလ၌ စားအုန်းဆီကြမ်း အခြေခံဈေးနှုန်းအနေဖြင့် တစ်တန်လျှင် ၃၈၉၆ ဒသမ ၀၉ ရင်းဂစ် (ဒေါ်လာ ၉၉၈ ဒသမ၂၃) မှ ၃၉၃၅ ဒသမ၁၉ ရင်းဂစ် (ဒေါ်လာ ၉၉၉ ဒသမ၂၉) ထိ သတ်မှတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

စားအုန်းဆီ ပို့ကုန်ခွန်သည် ယခင်လထက် ဧပြီလ၌ တစ်တန်လျှင် ဒေါ်လာ ၉၄ ဒသမ၉၃ ဖြစ်လာပြီး ၅ ဒသမ ၆၇ ရာခိုင်နှုန်းထိ မြင့်တက်လာမည်ဖြစ်သည်။

မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) က ဧပြီလ၌ စားအုန်းဆီကြမ်းတင်ပို့ခွန်ကို ၉ ရာခိုင်နှုန်းမှ ၉ ဒသမ၅ ရာခိုင်နှုန်းသို့ မြင့်တက်လိုက်ခဲ့သဖြင့် အခြေခံဈေးနှုန်းသည် တစ်တန်လျှင် ၃၉၃၅ ဒသမ၁၉ ရင်းဂစ်ထိ ရောက်ရှိလာပြီး တင်ပို့အခွန်(export tax) သည်လည်း ယခင်လထက် ၅ ဒသမ ၆၇ ရာခိုင်နှုန်း မြင့်တက် လာမည်ဖြစ်သည်။


ယခုကဲ့သို့ မူဝါဒများပြောင်းလဲခဲ့ခြင်းသည် စားအုန်းဆီတင်ပို့ရာတွင် ကုန်ကျစရိတ်မြင့်တက်လာပြီး နိုင်ငံတကာ၏ ဝယ်လိုအားကို ကျဆင်းစေနိုင်သည်။

ယင်းကြောင့် ထုတ်လုပ်သည့် နိုင်ငံများတွင် လက်ကျန်ကုန်စည်(Inventory) များ ပိုမိုစုပုံလာပြီးအဝယ်ထက်အထုတ်များကာ (Oversupply) ဖြစ်ပေါ်စေနိုင်သောကြောင့်လက်ငင်းစားအုန်းဆီဈေးကွက်(Spot Price)အပေါ်ကျရောက်နေသည့် ဈေးနှုန်းတွန်းတင်မှု ဖိအားများကို လျော့ပါးစေနိုင်ကြောင်း သိရသည်။

**Source:UkrAgroConsult,18March2026**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

## STOCK EXCHANGE (7.4.2026)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 7th Apr. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 24,547 (Shares) | 116,979,700 (MMK) |

Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,000 | +0 | +0.00% | 13,000 | 13,000 | 12,500 | 391 | 5,076,500 | 33,109,694 | 430,426 |
| MTSH | 00002 | 6,200 | +0 | +0.00% | 6,200 | 6,200 | 6,200 | 8,233 | 51,044,600 | 38,929,150 | 241,361 |
| MCB | 00003 | 9,500 | +200 | +2.15% | 9,300 | 9,500 | 9,300 | 166 | 1,571,400 | 10,400,986 | 98,809 |
| FPB | 00004 | 4,200 | +0 | +0.00% | 4,200 | 4,300 | 4,200 | 8,541 | 35,872,300 | 29,664,613 | 124,591 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 24 | 78,000 | 12,823,224 | 41,676 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,800 | 2,125 | 3,831,250 | 19,977,223 | 36,958 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,900 | 3,950 | 3,900 | 52 | 202,950 | 10,497,598 | 41,466 |
| MAEX | 00008 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 5,015 | 19,302,700 | 23,804,946 | 91,649 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 7th Apr. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 586.87 | +1.74 | +0.30% | 584.85 | 586.87 | 576.18 | 24,547 | 116,979,700 | 8 | 1,106,936 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 7th Apr. 2026

| Trading Volume | Trading Value |
|---|---|
| 24,591 (Shares) | 118,652,700 (MMK) |

### Main Board

As of 1:00 pm, 7th Apr. 2026

#### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 24,547 (Shares) | 116,979,700 (MMK) |

| MYANPIX | 586.87 ▲ 1.74 |
|---|---|
| Total Volume (shares) | 24,547 |
| Total Value (MMK) | 117 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,106,936 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,000 | ▲ 0 |
| MTSH | 00002 | 6,200 | ▲ 0 |
| MCB | 00003 | 9,500 | ▲ 200 |
| FPB | 00004 | 4,200 | ▲ 0 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,850 | ▲ 50 |